# ၁၉၆၂ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

နိုင်ငံတော်တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေစတင်အာဏာတည်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေပုဒ်မ ၄ နောက်တွင် အောက်ပါကို ပုဒ်မ ၄-က အဖြစ် ထည့်သွင်းရမည်။

"၄-က။ ။(၁) ဤအက်ဥပဒေအခြားနေရာများတွင်မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော် တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌက၊ နိုင်ငံတော်၏အကျိုးအတွက် လိုအပ်သည်ဟုထင်မြင်ယူဆလျှင်၊ နိုင်ငံသားဆရာဝန်များသည်၊ အသက်အရွယ်မရွေး မည်သည့်အချိန်အခါမဆို မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရန် ဆင့်ခေါ်ခြင်း ခံထိုက်စေရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ဆင့်ခေါ်ခြင်းခံရသော နိုင်ငံသားဆရာဝန်များသည်၊ မိမိတို့စတင်ဝင်ရောက် အမှုထမ်းရွက်သည့်နေ့ရက်မှ ၂ နှစ်မျှ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရမည့်ပြင် အစိုးရကအလိုရှိပါက နောက်ထပ် တနှစ်ဆက်လက်၍လည်း အမှုထမ်းရွက်ရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ဆင့်ခေါ်ခြင်းခံရသောနိုင်ငံသားဆရာဝန်များမှာ ဤအက်ဥပဒေအရ စစ်မှုထမ်းရဘိသကဲ့သို့ တာဝန်ရှိရမည့်ပြင်၊ အလုပ်အကိုင်ကို ကာကွယ်စောင့်ရှောက် ထားသည့်အခွင့်အရေးအားလုံးကိုလည်းရရှိရမည်။"